ဂျိုးအိုင်ကျေးရွာ
ပန်းတနော်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှတ်တမ်း
# (၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ဂျိုးအိုင်ကျေးရွာ၊ပန်းတနော်မြို့နယ်
(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှကူညီရေးဆွဲသည်)

၂၀၂၁ခုနှစ်၊ဇွန်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃ |
| | ဂျိုးအိုင်ကျေးရွာကျေးရွာသယံဇာတပြမြေပုံ၊ရာသီခွန်ပြပုံ၊အဖွဲ့အစည်းပြပုံ၊ပန်းတနော်မြို့ | ၃ |
| ၁။ | တည်နေရာနှင့်ပထဝီဝင်အနေအထား | ၆ |
| ၂။ | ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | ၆ |
| ၃။ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၇ |
| ၄။ | စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၇ |
| | (က) သီးနှံစိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၅။ | အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၉ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာမီးလင်းရေး | |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | |
| ၆။ | ပညာရေး | ၁၀ |
| ၇။ | ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၁ |
| ၈။ | ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၁ |
| ၉။ | ကျား- မရေးရာကိစ္စရပ်ဆိုင်ရာ | ၁၂ |
| ၁၀။ | ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၈ |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | |
| | နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြုဇယား | |
| | နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း | |
| | နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁) | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဂျိုးအိုင် ကျေးရွာ၏ကျေးရွာသူ/ ကျေးရွာသားများပါဝင်ရေး ဆွဲထားသည့်ပထမဦးဆုံးသော ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင် ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့်စနစ်တကျပူးပေါင်း ပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထု ကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်း နှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါ သည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ကြောင်း ကိုလည်းကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက် များကိုသာအားပြုထားသော်လည်းန ောင်ကာလများတွင် ထပ်မံရရှိသည့်ကိန်းဂဏန်း အချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံ ကိန်းတွင် ပါဝင်သောလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များ ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်

လည်းလိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ပန်းတနော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏အကြံပြုချက်များ၊ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ကျေးရွာဖွံ့ဖြိုး ရေးဗျူဟာတည်ဆောက်မှုအခြေပြဇယာစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

ဇွန်လ၊၂၀၂၁ခုနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ဂျိုးအိုင်ကျေးရွာ
ပန်းတနော်မြို့နယ်

## ဂျိုးအိုင်ကျေးရွာသယံဇာတပြမြေပုံ၊ပန်းတနော်မြို့နယ်



ဂျိုးအိုင်ကျေးရွာသယံဇာတပြမြေပုံ

ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

-ဂျိုးအိုင်ကျေးရွာတွင် အိမ်ထောင်စုအားဖြင့် (၉၉) စုရှိပြီး ဗမာလူမျိုးများ အများစု နေထိုင်ကြပြီးဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။

-အဓိကအသက်မွေးဝမ်းကျောင်းအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ရေလုပ်ငန်းများလုပ်ကိုင်ကြပါသည်။

-ရွာတွင်းလမ်းမကောင်းပါသဖြင့် မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေးမကောင်း၍ အခက်အခဲဖြစ်သော်လည်းနှစ်စဉ်နှစ်တိုင်းသွားလာနေကြရပါသည်။

-ဂျိုးအိုင်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအနေဖြင့် ပြုလုပ်ပေးခဲ့သောကျေးရွာတွင်းကွန်ကရစ်လမ်းရှိပါသည်။

-ကျေးရွာတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သောလုပ်ငန်းမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်၊ ပညာရေးကောင်းမွန်စေရန်နှင့် တစ်ပိုင်တစ်နိုင်ဝင်ငွေရလုပ်ငန်းများရရှိစေရန်လိုအပ်ပါသည်။

# ဂျိုးအိုင်ကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန်



ရာသီခွင်ပြပြက္ခဒိန်

ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

-ဂျိုးအိုင်ကျေးရွာတွင်အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့်လယ်ယာနှင့် ရေလုပ်ငန်းကိုလုပ်ကိုင်ကြပါသည်။

-ရာသီဥတုအနေဖြင့် နတ်တော်လမှတန်ခူးလအထိနေသာပြီးကဆုန်လမှတန်ဆောင်မုန်းလတွင်နေသာတလှည့်မိုးကျတလှည့်ဖြစ်ကာကျန်လများတွင်မိုးသည်းထန်စွာရွာသွန်းပါသည်။

-လမ်းပန်းဆက်သွယ်ရေးအနေဖြင့် နယုန်လမှ တော်သလင်းလအထိလမ်းမကောင်းသဖြင့်သွားရလာရခက်ခဲကာကျန်လများတွင်သွားရလာရအဆင်ပြေလွယ်ကူပါသည်။

-တန်ဆောင်မုန်းလမှတပေါင်းလအထိဝင်ငွေများ၍ကျန်လများတွင်ဝင်ငွေနည်းပါးပါသည်။

-ကျန်းမာရေးအခြေအနေမှာ နယုန်၊တော်သလင်းလများတွင် ရာသီအကူးအပြောင်းကြောင့်ဝမ်းပျက်၊ဝမ်းလျှော၊တုတ်ကွေးများဖြစ်တတ်ပါသည်။

-သဘာဝဘေးအန္တရာယ်အနေဖြင့် ဝါဆို၊ဝါခေါင်လတွင် ရေကြီးတတ်ပြီး တန်ခူးလမှတန်ဆောင်မုန်းလအထိမိုးသက်လေပြင်းကျရောက်ကာရံဖန်ရံခါမုန်တိုင်းရှိတတ်ပါသည်။

-ကျေးရွာတွင်ရာသီအလိုက်ပွဲတော်များကျင်းပလေ့ရှိပါသည်။

မင်းဂရုကျေးရွာအုပ်စု၊ဂျိုးအိုင်ကျေးရွာ၏
ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့အစည်းများတည်ရှိမှုပုံစံပြ( Venn Diagram )



## အဖွဲ့အစည်းချိတ်ဆက်မှုပုံစံ

## ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

-ဂျိုးအိုင်ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊လူငယ်အဖွဲ့၊ ဘာသာရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊အမျိုးသမီးရေးရာအဖွဲ့၊ပရဟိတအဖွဲ့၊လယ်သမားအဖွဲ့တို့ဖြင့်ဖွဲ့စည်းထားပါသည်။

-အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာတွင်း လုပ်ငန်းလိုအပ်ချက်များအား သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

-လူငယ်အဖွဲ့သည် ကျေးရွာတွင်း လတ်တလောဆောင်ရွက်ရန်ရှိသော ရပ်ကျိုး၊ရွာကျိုးများအား ဆောင်ရွက်ပေးလျက်ရှိပါသည်။

-ဘာသာရေးအဖွဲ့သည်ကျေးရွာတွင်းဘာသာရေးလုပ်ငန်းများအား ဦးစီးဦးဆောင်ဆောင်ရွက်လျက်ရှိပါသည်။

-ကျန်းမာရေးအဖွဲ့သည် ကျေးရွာတွင်းကျန်းမာရေးနှင့်ဆိုင်သောလုပ်ငန်းများအားဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

-ပရဟိတအဖွဲ့သည် ကျေးရွာတွင် လိုအပ်လျက်ရှိသော သာရေး၊ နာရေး လုပ်ငန်းများအား လည်းကောင်း၊ရပ်ကျိုးရွာကျိုးများအားဆောင်ရွက်လျက်ရှိပါသည်။

## ၁။တည်နေရာနှင့်ပထဝီဝင်အနေအထား

ပန်းတနော်မြို့နယ်သည် မြန်မာနိုင်ငံ၏အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်တွင်တည်ရှိပါသည်။ ပန်းတနော်မြို့နယ်သည် မြောက်လတ္တီတွဒ်၁၆ဒီဂရီ၅၈မိနစ်နှင့်၁၇ ဒီဂရီ၂၃မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ်၉၅ဒီဂရီ၂၈မိနစ်နှင့် ၉၅ဒီဂရီ၅၃မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ(၄၉၈.၅၂) စတုရန်းမိုင်ကျယ်ဝန်းပါသည်။ အရှေ့မှအနောက်သို့ (၁၇)မိုင်ရှိပြီး တောင်မှမြောက်သို့(၂၇)မိုင်ရှည်လျားပါသည်။

ပန်းတနော်မြို့နယ်သည် အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့နယ်၊ အနောက်ဘက်တွင်အိမ်မဲမြို့နယ်နှင့်ကျောင်းကုန်းမြို့နယ်၊တောင်ဘက်တွင်ဝါးခယ်မမြို့နယ်၊မြောက် ဘက်တွင်ဓနုဖြူမြို့နယ်နှင့်ကျုံပျော်မြို့နယ်တို့နှင့်နယ်နိမိတ်ချင်းထိစပ်လျှက်ရှိပါသည်။

ဂျိုးအိုင်ကျေးရွာသည်ပထဝီဝင်အနေအထားအရမြေပြန့်ဒေသဖြစ်ပါသည်။ မင်းဂရုကျေးရွာ အုပ်စုတွင်ပါဝင်ပါသည်။ပန်းတနော်မြို့နယ်နှင့်(၁၂)မိုင်ကွာဝေးပါသည်။ပတ်ဝန်းကျင်ကျေးရွာများမှာ ဇီးပင်ကျေးရွာ၊အထက်စုကျေးရွာနှင့်၊ကံစုကျေးရွာတို့ဖြစ်ပါသည်။ဂျိုးအိုင်ကျေးရွာသည်လယ်လုပ်ငန်း အဓိကလုပ်ကိုင်သောဒေသတစ်ခုလည်းဖြစ်သည်။အခြားလုပ်ငန်းများကိုလည်းအနည်းငယ်လုပ်ကိုင် သောဒေသတစ်ခုလည်းဖြစ်ပါသည်။

## ၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ပန်းတနော်မြို့နယ်သည်မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသောဒေသ ဖြစ်ပါသည်။ ပန်းတနော်မြို့နယ်သည်သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်၂၉.၂၂°Cရှိပြီး အနိမ့်ဆုံးအပူချိန်မှာဇန်နဝါရီလတွင်၂၃.၉၇°C ဖြစ်ပါသည်။တစ်နှစ်ပျမ်းမျှမိုးရွာရက် (၁၀၈) ရက်ရှိပြီး ပျမ်းမျှမိုးရေချိန်မှာ(၈၈.၁၉)လက်မဖြစ်ပါသည်။မိုးအများဆုံးရွာသွန်းသောလမှာဇူလိုင်လနှင့်သြဂုတ် လများဖြစ်ပါသည်။

**ဂျိုးအိုင်ကျေးရွာတွင် သဘာဝဆေးဖက်ဝင်အပင်များဖြစ်သည့် ဘုန်းမသိမ်၊လောက်သေ၊ ကုန်းဇေဒါ၊ကြိတ်မှန်ပင်၊ကုလားပင်စိမ်းပင်စသည်တို့ပေါက်ရောက်သောကြောင့်ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင်အပင်များပေါက်ရောက်သည့်ဒေသတစ်ခုလည်းဖြစ်ပါသည်။ လယ်ယာ မြေအသင့်အတင့်ရှိပြီး မြေပန့်ဒေသဖြစ်ကာမြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်။ တောင်သူ အားလုံးမှာချောင်းရေနှင့် အဝီစိတွင်းရေဖြင့်လယ်မြေကေ(၉၃)ကေခန့် ရေသွင်းစိုက်ပျိုးနိုင်သည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့်ကေ(၉၃)ကေရှိပြီးစပါးနှင့်ပဲများကိုသာအဓိကထားစိုက်ပျိုးကြပါသည်။**

၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား-၂)၊ ဘာသာရေး အဖွဲ့တွင် (ကျား-၆၊မ-၃)ဦး၊ ပရဟိတအဖွဲ့တွင်(ကျား-၁၀၊မ-၅)ဦးတို့သည်ကျေးရွာ၏ သာရေးနာရေး လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီးကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာ သူ/သားများ ကိုယ်တိုင်ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၄။စီပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီနှံစိုက်ပျိုးရေး

ဂျိုးအိုင်ကျေးရွာတွင် ၂.၅ကေအောက်ရှိသော ဆင်းရဲသားတောင်သူ (၁) အိမ်ထောင်စု၊ ၂.၅ကေမှ၅ကေကြားရှိသော တောင်သူငယ်(၃)အိမ်ထောင်စု၊ ၅ကေမှ၁၂.၅ကေကြားရှိသော တောင်သူလတ် (၇)အိမ်ထောင်စုရှိပါသည်။အဓိကအားဖြင့် စပါးနှင့်ပဲများကို စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် (၈၈) အိမ်ထောင်စုခန့်ရှိပြီး အများစုသည် နေ့စား/ကျပန်းအ ဖြစ် လုပ်ကိုင် စားသောက်ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ ချောင်းရေနှင့်အဝီစိတွင်းမှရရှိသော ရေကိုအဓိက အသုံးပြု၍ စိုက်ပျိုးလုပ်ကိုင်ကြပြီး ချောင်းရေ၊ အဝီစိတွင်းနှင့် ဝေးကွာသည့် လယ်မြေကေများတွင် ရေလုံ လောက်စွာမရသဖြင့် သီးနှံအထွက်နှုန်းမှာ (၅၀)ရာခိုင်နှုန်းလောက်သာ ရရှိပါသည်။ကျေးရွာရှိ စိုက် ပျိုးတောင်သူများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက်(၇)စီး၊ ခြွေလှေ့စက်(၁)စီးနှင့် ရေစုပ်စက် (၈)စီးရှိပြီး ဌားရမ်းလုပ်ကိုင်ကြသော တောင်သူများလည်းရှိပါသည်။

သီးနှံအထက်တိုးစေရန် သဘာဝမြေဆွေး၊ဓါတုပိုးသတ်ဆေး၊ဓါတ်မြေသြဇာနှင့်အခြားဓာတု ဗေဒသွင်းအားစုများ၊သီးနှံမျိုးစေ့ကိုလည်း ပန်းတနော်ဈေးတွင်ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေး ကွက်နှင့် ဝန်ဆောင်မှုတွင် တောင်သူကိုယ်တိုင်သော်လည်းကောင်း၊ ကုန်သည်ပွဲစားများမှ တစ်ဆင့် သော်လည်းကောင်း ရောင်းချနိုင်ကြပါသည်။ မိုးတွင်းကာလတွင် ရေနက်ကွင်းကိုင်းမြေများဖြစ် သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ကြခြင်းမရှိပါ။

(ခ) မွေးမြူရေးလုပ်ငန်း

ဂျိုးအိုင်ကျေးရွာတွင် ကြက်မွေးမြူထားသည့်အိမ်ထောင်စု(၄၁)အိမ်ရှိပြီး၊ ကြက်ကောင်ရေ (၄၂၆)ကောင်၊ ဘဲမွေးမြူထားသည့် အိမ်ထောင်စု(၁)အိမ်ရှိပြီး ဘဲကောင်ရေ(၃၀)ကောင်၊ မြင်း

မွေးသည့်အိမ်ထောင်စုမှာ(၁)စုရှိပြီး မြင်းကောင်ရေ(၃)ကောင်၊ ဆိတ်မွေးသည့် အိမ်ထောင်စု (၁)စု ရှိပြီးဆိတ်ကောင်ရေ(၅)ကောင်စသည်ဖြင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးကိုလုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သတ်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်းဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီးပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့် အပြင်စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါ ကမွေးမြူရေးနည်းပညာနှင့်ပါတ်သတ်သည့်အတွေ့အကြုံအသိပညာများအားနည်းကြပါသည်။

### (ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ဂျိုးအိုင်ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများမှာဈေးဆိုင်၊အရောင်းအဝယ်၊ပန်းရံ၊လက်သမား၊ဆိုင်ကယ်အငှားလိုက်အစရှိသည့်လုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ နေ့စားလုပ်ကိုင်သူများမှာဈေးဆိုင်ဝန်ထမ်းများ၊ပန်းရံ၊လက်သမားများအဖြစ်သွားရောက်လုပ်ကိုင်ကြပါသည်။ တစ်နေ့လျှင်လုပ်အားခကျား (၅၀၀၀)ကျပ်၊ မ(၃၀၀၀)ကျပ်ရရှိပါသည်။ ကျေးရွာအိမ်ထောင်စုပေါင်း(၈၈)အိမ်ခန့်လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင်စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား၊အလတ်စားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သောအတတ်ပညာများကျွမ်းကျင်စွာတတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ လယ်ယာသားငါးထွက်ကုန်မဟုတ်သော အခြားဒေသထွက်ကုန်များကိုရောင်းချရန် ဈေးကွက်အသင့်အတင့်ရှိသော်လည်းဈေးကွက်ဆိုင်ရာအသိအမြင်ရှိမှုအားနည်းပါသည်။

### (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ငွေချေးရန်အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာနတို့ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှလယ်သမားများကိုသာ ထုတ်ချေးပြီးတစ်ဧကလျှင် (၁၅၀,၀၀၀)ကျပ်နှုန်းထုတ်ချေးပေးပါသည်။အများဆုံးထုတ်ချေးငွေမှာ (၁,၅၀၀,၀၀၀)ကျပ် ဖြစ်ပါသည်။အတိုးနှုန်းမှာ (၀.၄၂)ကျပ်နှုန်းဖြစ်ပြီး လတိုးဖြစ်သည်။ ထုတ်ချေးသည့်ကာလမှာ (၇)လဖြစ်သည်။ လယ်သမားများအနေဖြင့် လုံလောက်သောချေးငွေပမာဏအားနှစ်ရှည် (အနည်းဆုံး၃နှစ်) ထုတ်ချေးမည်ဆိုပါကပိုမိုအကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်ပါသည်။

သမဝါယမအဖွဲ့မှငွေထုတ်ချေးသည့်အစီအစဉ်မှာအဖွဲ့ဝင်ဖြစ်လျှင်ထုတ်ချေးနိုင်သည်။အဖွဲ့ဝင်ဖြစ်ရန် (၅,၀၀၀)ကျပ်စုရသည်။ စိုက်ပျိုးရေးနှင့်ကျပန်းဟူ၍ ငွေထုတ်ချေးသည့်ပုံစံ(၂)မျိုး ရှိပါသည်။ အတိုးနှုန်းလည်းမတူချေ။ ငွေပမာဏမှာတစ်ဦးလျှင်ပထမအကြိမ်တွင် (၁၀၀,၀၀၀)ကျပ်ထုတ်ချေးနိုင်ပါသည်။

ပက်-မြန်မာ၊ဖူလတန်ငွေကြေးဝန်ဆောင်မှုအဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက် နေသည်မှာ (၅)နှစ်ခန့်ရှိပြီဖြစ်ပါသည်။ စိုက်ပျိုးရေး ချေးငွေနှင့် ကျပန်းများအား ချေးသည့်ရိုးရိုးချေးငွေဟူ၍နှစ်မျိုးရှိပါသည်။စိုက်ပျိုးရေးချေးငွေမှာပထမနှစ်တွင် (၂၀၀,၀၀၀) ကျပ်ဖြစ်ပြီးရိုးရိုးချေးငွေမှာ (၈၀,၀၀၀)ကျပ် ဖြစ်ပါသည်။ စိုက်ပျိုးရေးချေးငွေရရှိရန်ပုံစံ(၇)လိုအပ်သည်။ သို့ရာတွင်ကျပန်းမိသားစုများအနေဖြင့်ငွေချေးရန်အခက်အခဲရှိနေပါသည်။ အဘယ်ကြောင့်ဆိုသော် ပြန်လည်ပေးဆပ်သည့်ပုံစံမှာ (နှစ်ပတ်လျှင်တစ်ကြိမ်) ပြန်လည်ပေးဆပ်ရခြင်း၊ ပုံမှန်ဝင်ငွေရလုပ်ငန်းများမရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရန်အသက်မွေးဝမ်းကျောင်းပညာများမရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။

**၅။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ပန်းတနော်-ကျုံတနီးကားလမ်းမှဂျိုးအိုင်ကျေးရွာသို့ (၁၂)မိုင်အကွာအဝေးရှိသော ကျေးရွာချင်းဆက်လမ်းရှိပြီးဂျိုးအိုင်ကျေးရွာ၏သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ရေကြောင်းလမ်းနှင့် ကုန်းလမ်းနှစ်ခုလုံးကို အသုံးပြုနိုင်ပါသည်။ ရေကြောင်းလမ်းကို တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပြီး ကုန်းလမ်းကို ပွင့်လင်းရာသီတွင်သာ အသုံးပြုနိုင်ပါသည်။ အသုံးပြုသော ယာဉ်များမှာ လှေ(၃၈)စီး၊စက်လှေ(၆)စီး၊ စက်ဘီး(၆၂)စီး၊ ထော်လာဂျီ(၅)စီး၊သုံးဘီးဆိုင်ကယ်(၂)စီးနှင့် မော်တော်ဆိုင်ကယ်(၄၂)စီး ရှိပါသည်။

ကျေးရွာတွင်လမ်းမှာ ကျောက်လမ်းဖြစ်ပြီး ကွန်ကရစ်လမ်းအဖြစ်သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျေးရွာလူထုမှကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သောကြောင့် အဆင်ပြေစွာသွားလာနိုင်အောင် ဆောင်ရွက်နိုင်ပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ကျေးရွာမီးလင်းရေးအတွက်ဖယောင်းတိုင်နှင့်မီးခွက်ကိုသာသုံးစွဲနေရပြီး ဆိုလာမီးလင်းရေးကို အိမ်ခြေ(၃၅)အိမ်သာလျှင် မိမိအစီအစဉ်ဖြင့် ဝယ်ယူသုံးစွဲနေပါသည်။ လျှပ်စစ်မီးလင်းရေးကို အသုံးပြုနိုင်ခြင်းမရှိခြင်းမှာ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဝေးကွာပြီး ကုန်ကျစရိတ်များသောကြောင့် လျှပ်စစ်မီးလင်းရေးမှာ ကြန့်ကြာနိုင်သေးပါသည်။ ကျေးရွာလူထုမှ လျှပ်စစ်မီးလင်းရေးကိုလည်း စိတ်ဝင်စားကြပါသည်။

**(ဂ)သတင်းနှင့်ဆက်သွယ်ရေး**

ဂျိုးအိုင်ကျေးရွာတွင်ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကိုဖုန်း(၅၄)လုံး၊ ရေဒီယို(၃)လုံး၊တီဗွီ(၃၇)လုံး၊ဂြိုဟ်တုစလောင်း(၃၄)လုံးစသည်တို့မှရရှိသည့်အပြင်ဖုန်းလိုင်းအင်တာနက်များမှတစ်ဆင့်လည်းဆက်သွယ်ရေးဆိုင်ရာအခက်အခဲများအထူးတလည်မရှိပါ။

## ၆။ပညာရေး

ဂျိုးအိုင်ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပြီး ကျောင်းသား/သူများပညာသင်ကြားနေကြပြီးအဆိုပါကျောင်းဆောင်မှာ(၁၂၀'×၆၀') ရှိသော တစ်ထပ်အုတ်ကျောင်းဖြစ်ပြီး အရည်အသွေးကောင်းမွန်မှုရှိပါသည်။ ကျောင်းအုပ်ဆရာမကြီး (၁)ဦး၊လက်ထောက်ဆရာ၊ဆရာမ (၅)ဦးရှိပါသည်။ဆရာတပည့်အချိုးအားဖြင့် (၄၀)အောက်ဖြစ်ပါသည်။ ကျောင်းတွင်အခန်းများခွဲထားပါသည်။ အခြေခံပညာမူလတန်းကျောင်းတွင်ကျောင်းသူ/သား (၂၀၀)ဦးရှိပါသည်။ သောက်သုံးရေကိုကျောင်းဝန်းအတွင်းရှိစက်မောင်းရေကန်မှခပ်ယူသုံးစွဲပါသည်။ (၂)ခန်းတွဲ အိမ်သာ (၂)လုံးကလည်းကျောင်းသူ/သားများအတွက်လုံလောက်မှုရှိပါသည်။ ထိုင်ခုံနှင့်စာရေးခုံများလိုအပ်ချက်ရှိပါသည်။

ကျေးရွာမှ (၃)နှစ်အထက်ကလေးများ(၅)ယောက်ကို မူလတန်းကျောင်းတွင်ပင် မူကြိုကလေးများအဖြစ်သင်ကြားပေးနေပါသည်။ တတ်နိုင်ပါက မူကြိုကျောင်းဆောင်တစ်ဆောင်လိုအပ်နေပြီးဆရာ၊ဆရာမအတွက် ကုန်ကျစရိတ်ကိုမိဘများမှကျခံပေးနိုင်ပါသည်။ ထို့အပြင်ကုန်ကျစရိတ်သက်သာသောကလေးအားကစားကွင်းတစ်ခုလည်းလိုအပ်နေပါသည်။ သောက်ရေအတွက်အခက်အခဲရှိသောကြောင့် ကျောင်းသား/သူများအတွက်ဂါလံ(၂၀၀၀)ဆံ့မိုးရေလှောင်ကန်တစ်ကန်တည်ဆောက်နိုင်ပါကတစ်နှစ်ပတ်လုံးသောက်ရေဖူလုံနိုင်မည်ဖြစ်ပါသည်။ကျောင်းသူ/သားများသည် မင်းဂရကျေးရွာအခြေခံပညာအထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြားနေသော်လည်း အောင်ချက်ကောင်းမွန်လာစေရန် ကျောင်းသား/သူများအားတိုက်တွန်းပေးရန်နှင့်စာကျက်ဝိုင်းများပြုလုပ်ပေးရန်အတွက်မိဘများမှဝိုင်းဝန်းဆောင်ရွက်ရန်မှာအရေးပါလှပါသည်။

ကျေးရွာတွင်စာမတတ်သည့်လူဦးရေအများစုမှာသက်ကြီးရွယ်အိုများဖြစ်ကြပါသည်။ မူလတန်းအဆင့်စာတတ်မြောက်သည့်လူဦးရေမှာ(၅၀.၃၇) ရာခိုင်နှုန်း အထိသာရှိခြင်းနှင့် အလယ်တန်းအဆင့်စာတတ်မြောက်သူမှာ (၁၀.၈၈)ရာခိုင်နှုန်း၊ အထက်တန်းအဆင့်စာတတ်မြောက်သူများမှာ (၃.၀၃)ရာခိုင်နှုန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်သူမှာ (၂.၇၈)ရာခိုင်နှုန်း တို့ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ကြပါသည်။

## ၇။ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ဂျိုးအိုင်ကျေးရွာတွင် ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက (၁)မိုင်ခန့်ကွာဝေးသောမင်းဂရတိုက်နယ်ဆေးရုံတွင်သာအဓိကထား၍သွားရောက်ပြသကြရပါသည်။ မင်းဂရဆေးရုံးတွင် ကျန်းမာရေးဝန်ထမ်းများမှကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါသည်။ အသေးစား ကျန်းမာရေးနှင့်ဆိုင်သောဆေးဝါးများကို ကျုံတနီးကျေးရွာရှိဆေးဆိုင်များတွင်ဝယ်ယူရရှိနိုင်ပြီး အကြီးစားကျန်းမာရေးစောင့်ရှောက်မှုအတွက် ပန်းတနော်မြို့နယ်ရှိဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါ သည်။

အရေးပေါ်ကိစ္စရပ်များအတွက် ပန်းတနော်မြို့ပေါ်ရှိပြည်သူ့ဆေးရုံသို့ သွားရောက်ပြသကြရ ပါသည်။ ကျေးရွာအတွင်းတွင်ကျေးလက်ဆေးပေးခန်းတစ်ခန်းထားရှိပါကကျေးရွာအတွက် ကောင်းမွန်သော အကျိုးသက်ရောက်မှုရှိလာပါမည်။

ချောင်းရေအဝီစိတွင်းစက်တပ်(၅)တွင်း၊အဝီစိတွင်းတုံကင်တပ်(၁၈)ခုရှိသော်လည်းရေအရည်အသွေးမှာညံ့ပါသည်။ကျေးရွာသောက်ရေလိုအပ်ချက်ကိုဖြည့်ဆည်းရန်အတွက်၄"စက်ရေတွင်းတစ်တွင်းလိုအပ်လျက်ရှိပါသည်။ယင်လုံအိမ်သာသုံးစွဲသောအိမ်ထောင်စုမှာ(၁၄)အိမ်ရှိပြီးယင်လုံအိမ်သာဆောက်လုပ်ရာတွင်မြေပြိုခြင်း၊ကမ်းပြိုခြင်းများကြောင့်ကွန်ကရစ်ခွေချမှသာဆောက်လုပ်နိုင်မည်ဖြစ်သဖြင့်ကုန်ကျစရိတ်များပြားမှုကြောင့်ဆောက်လုပ်နိုင်ခြင်းမရှိကြပါ။ထို့ကြောင့်အိမ်တိုင်းစေ့ယင်လုံအိမ်သာဆောက်လုပ်ကြရန်နှင့်ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးရန်နှင့် အဓိကကျကြောင်းသုံးသပ်ဆွေးနွေးကြပါသည်။

## ၈။ဘေးအန္တရာယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဂျိုးအိုင်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သောဆင်းရဲသည့်အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများလုပ်ကိုင်ကြသည့် အိမ်ထောင်စုများရှိသဖြင့်၎င်းအိမ်ထောင်စုများသည့်သဘာဝဘေးနှင့်စားနပ်ရိက္ခာများမဖူလုံသည့်အခြေအနေများကြုံတွေ့ပါကအခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

ဂျိုးအိုင်ကျေးရွာတွင်သဘာဝဆေးဖက်ဝင်အပင်များအနည်းငယ်ရှိပြီးအိမ်ထောင်စုများမှစားသုံးရန်ထမင်း၊ ဟင်းများချက်ပြုတ်ရန် ထင်းများခုတ်ယူသုံးစွဲသဖြင့်သစ်သောပြုန်းတီးမှုများအနည်းငယ်ရှိပါသည်။မိုးရာသီတွင်ငှက်ဖျားရောဂါဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သောခွာနာ၊ လျှာနာရောဂါနှင့်ကြက်၊ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။

## ၉။ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ဂျိုးအိုင်ကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသားဦးရေမှာအမျိုးသမီးဦးရေထက်များပြားသော်လည်းကောက်စိုက်ချိန်တွင်အမျိုးသမီးတစ်ဦးလျှင်(၃၀၀၀)ကျပ်ခန့်ရရှိပြီးကောက်ရိတ်ချိန်တွင်(၃၀၀၀)ကျပ်ခန့်ရရှိပါသည်။နေ့စားအလုပ်လုပ်ကိုင်ကြသူများမှာဈေးဆိုင်ဝန်ထမ်းများ၊ပန်းရံလက်သမားများအဖြစ်သွားရောက်လုပ်ကိုင်ကြပါသည်။တစ်နေ့လျှင်လုပ်အားခကျား(၅၀၀၀)ကျပ်၊မ(၃၀၀၀)ကျပ်ရရှိပါသည်။ကျေးရွာအိမ်ထောင်စုပေါင်း(၆၀)စုလုပ်ကိုင်ကြပါသည်။ကျေးရွာ၏စာတတ်မြောက်မှုတွင်လည်းပညာရေးအဆင့်အလိုက်အမျိုးသမီးဦးရေမှာပိုမိုများပြားပါသည်။ကျေးရွာအတွင်းရှိဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့အစည်းများတွင်အမျိုးသမီးရေးရာအဖွဲ့မှဦးဆောင်ပါဝင်ကြပါသည်။သို့သော်လည်းကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆုံးဖြတ်ပိုင်ခွင့်များတွင်မူအမျိုးသမီးများ၏အခန်းကဏ္ဍမှာအားနည်းနေဆဲဖြစ်ကြောင်းတွေ့ရှိရပါသည်။

ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစားပေးအဆင့် | အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဂျိုးအိုင် | အခြေခံအဆောက်အဦ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၁ | ကျေးလက်ဦးစီး/ကျေးရွာ | |
| ၂ | ဂျိုးအိုင် | မီးလင်းရေး | လျှပ်စစ်မီးလင်းရေးဆောင်ရွက်ခြင်း | ၂ | လျှပ်စစ်/ကျေးရွာ | |
| ၃ | ဂျိုးအိုင် | အခြေခံအဆောက်အဦ | တွင်းနက်တူးဖော်ခြင်းလုပ်ငန်း | ၃ | ကျေးလက်ဦးစီး/ကျေးရွာ | |
| ၄ | ဂျိုးအိုင် | ငွေကြေးနှင့်ရင်းနှီးမြှုပ်နှံမှု | မတည်လည်ပတ်ရန်ပုံငွေရရှိလိုခြင်း | ၄ | ကျေးလက်ဦးစီး/ကျေးရွာ | |
| ၅ | ဂျိုးအိုင် | အသက်မွေးဝမ်းကျောင်း | အသက်မွေးဝမ်းကျောင်းသင်တန်း | ၅ | ကျေးလက်ဦးစီး/ကျေးရွာ | |
| ၆ | ဂျိုးအိုင် | ကျန်းမာရေး | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း | ၆ | ကျန်းမာရေး/ကျေးရွာ | |
| ၇ | ဂျိုးအိုင် | သတင်းအချက်အလက်နှင့်နည်းပညာ ဆက်သွယ်ရေး | စာကြည့်တိုက်တည်ဆောက်ခြင်း | ၇ | ပညာရေး/ကျေးရွာ | |

နောက်ဆက်တွဲ(၁)

**မင်းဂရုကျေးရွာအုပ်စု၊ဂျိုးအိုင်ကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း**

| စဉ် | ကော်မတီဝင်အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစိုးထက်အောင် | ဦးခင်ငြိမ်း | ၁၄/ပတန(နိုင်)၁၆၃၈၇၂ | ၂၉ | ဥက္ကဋ္ဌ | ၀၉-၉၇၄၉၄၇၉၂၉ |
| ၂ | ဦးအောင်သိန်းနိုင် | ဦးကျော်ဖေယျ | ၁၄/ပတန(နိုင်)၁၃၀၄၇၉ | ၄၆ | အဖွဲ့ဝင် | ၀၉-၆၆၆၉၄၅၅၃၇ |
| ၃ | ဦးကျော်လင်းစိုး | ဦးဝင်းမြင့် | ၁၄/ပတန(နိုင်)၁၃၄၇၄၅ | ၄၄ | ဥက္ကဋ္ဌ<br>(ဝယ်ယူရေးဆပ်ကော်မတီ) | ၀၉-၆၆၀၃၇၄၄၅၈ |
| ၄ | ဒေါ်စန်းစန်းအေး | ဦးရွှေကြီး | ၁၄/ပတန(နိုင်)၀၅၆၂၀၁ | ၄၉ | ဘဏ္ဍာရေးမှူး | ၀၉-၆၉၃၉၆၆၉၉၅ |
| ၅ | ဦးညီညီပိုင်ခန့် | ဦးစန်းလွင် | ၁၄/ပတန(နိုင်)၂၈၁၉၈၆ | ၁၈ | စာရင်းကိုင်<br>(ဝယ်ယူရေးဆပ်ကော်မတီ) | ၀၉-၇၅၈၆၉၀၀၅၀ |
| ၆ | ဦးအောင်ထွန်း | ဦးအောင်ကျော်မြင့် | ၁၄/ပတန(နိုင်)၁၉၆၉၅၈ | ၄၂ | အဖွဲ့ဝင် | ၀၉-၆၇၆၉၂၁၉၉၃ |
| ၇ | ဒေါ်အိမွန်ကျော် | ဦးစိုးနိုင် | ၁၄/ပတန(နိုင်)၁၇၈၄၈၂ | ၂၇ | အဖွဲ့ဝင် | ၀၉-၇၉၅၈၃၃၀၇၇ |
| ၈ | ဒေါ်လဲ့လဲ့နိုင် | ဦးတင်ရှိန် | ၁၄/ပတန(နိုင်)၀၀၂၄၄၄ | ၄၆ | အဖွဲ့ဝင် | ၀၉-၇၇၀၈၇၈၈၇၁ |
| ၉ | ဒေါ်အုန်းထွေး | ဦးကျော်သိန်း | ၁၄/ပတန(နိုင်)၁၁၃၁၄၆ | ၄၂ | အဖွဲ့ဝင် | ၀၉-၆၈၆၉၉၆၀၂၄ |
| ၁၀ | ဒေါ်ကြိုင်မွှေး | ဦးထွေး | ၁၄/ပတန(နိုင်)၂၄၄၄၇၈ | ၅၃ | အဖွဲ့ဝင် | ၀၉-၇၉၀၇၁၀၁၄၁ |
| ၁၁ | ဦးတင့်လွင် | ဦးစော | ၁၄/ပတန(နိုင်)၁၁၁၅၅၅ | ၄၇ | အတွင်းရေးမှူး | ၀၉-၆၉၂၃၈၄၉၈၆ |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၂ | ၅ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၃ | ၈ | ၂၁ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၃ | ၂၅ | ၃၈ | | ၁ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၈ | ၉ | ၂၇ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၃၂ | ၁၄၉ | ၂၈၁ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၆ | ၁၂ | ၂၈ | ၂ | ၄ |
| စုစုပေါင်း | | ၁၉၅ | ၂၀၅ | ၄၀၀ | ၂ | ၅ |
| စုစုပေါင်း အိမ်ထောင်စု | | ၉၉ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စုသနှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက်(၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက် ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။မိမိတို့ကျေးရွာအတွင်းတွင်နို့စို့အရွယ်မှအလယ်တန်းအဆင့်ထိလူဦးရေမှာ၉၁ဦးရှိပါသည်။ အလုပ်လုပ်နိုင်သောလူဦးရေမှာ၂၈၁ဦးခန့်ရှိပြီးသက်ကြီးရွယ်အို၂၈ဦးရှိသည့်အတွက်စုစုပေါင်း(၄၀၀)ဦးရှိပါသည်။မိမိတို့ကျေးရွာအတွင်းအိမ်ထောင်စုတစ်စုလျှင်ပျမ်းမျှလူဦးရေ၄.၀၄ဦးနီးပါးသာရှိပါသဖြင့်ကျေးလက်လူဦးရေတိုးပွားနှုန်းနောက်လျော့နည်းနေပါသည်။မိမိတို့ကျေးရွာအတွင်းအလုပ်လုပ်နိုင်သည့်လူဦးရေများသော်လည်းအလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီးအချို့မှာအခြားအရပ်ဒေသများသို့သွားရောက်လုပ်ကိုင်ဆောင်ရွက်မှုများရှိသဖြင့်ကျေးရွာအတွက်လူ့စွမ်းအားအရင်းအမြစ်များလျော့နည်းလျက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၁ | ၄၄ | ၂ | ၅ | ၃ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ချော့စွာဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၂၈ | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုစေ်ချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | ၈၁ | ၃၂၄ | ၁၄ | ၃၁ | ၂၅ | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၉၉ | ၃၉၆ | ၁၆ | ၃၆ | ၂၈ | | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ **ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်း တစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင် လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။ .မိမိတို့ကျေးရွာတွင်လယ်ယာကိုင်းကျွန်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူအိမ်ထောင်စု (၁၁) အိမ်ထောင်စုရှိပြီးလူဦးရေမှာ(၄၄)ဦးရှိပါကြောင်း၊အရောင်းအဝယ်လုပ်ကိုင်ကြသူများမှာ (၇)အိမ်ထောင်စုရှိပြီး လူဦး ရေမှာ (၂၈)ဦးရှိကြောင်းနှင့်ရာသီအလိုက်ကျပန်းလုပ်ကိုင်နေကြသူများမှာ (၈၁) အိမ်ထောင်စု (၃၂၄)ဦး ရှိကြောင်း၊ ကျေးရွာတွင်းနေထိုင်ကြသောအိမ်ထောင်စုဝင်များအနေဖြင့်အသက်မွေးဝမ်းကြောင်းသင်တန်းများ၊စိုက်ပျိုးရေးဆိုင်ရာ ပညာပေးသင်တန်းများ၊မိသားစုဝင်များအနေဖြင့်ငွေစုငွေချေးပညာပေးသင်တန်းများလုပ်ကိုင်ဆောင်ရွက်ပေးခြင်းဖြင့် လူမှုဘဝများဖွံ့ဖြိုးတိုးတက်လာကာကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူပြုလာမည်ဖြစ်ကြောင်းလေ့လာ တွေ့ရှိရပါသည်။**

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | သင်တန်း ပေးသူ စသည်) | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ မိမိတို့ကျေးရွာတွင်လယ်ယာလုပ်ငန်းဆောင်ရွက်သောအမျိုးသားတစ်ဦးလျှင် (၇၀၀၀) ကျပ်ဝန်းကျင်ရရှိပြီးအမျိုးသမီးတစ်ဦးလျှင် (၅၀၀၀)ကျပ် ဝန်းကျင် ရရှိပါသည်။ လက်လီ/ လက်ကား အရောင်းအဝယ်လုပ်ကိုင်သောဆိုင်ကြီးများတွင် အမျိုးသားတစ်ဦးလျှင်(၅၀၀၀)ကျပ်ဝန်းကျင်ရရှိပြီးအမျိုးသမီးတစ်ဦးလျှင် (၃၀၀၀) ကျပ်ဝန်းကျင်ရရှိပါသည်။ ရာသီအလိုက်ကျပန်းလုပ်ကိုင်ကျရသောသူများမှာမူရရှိသောတစ်နေ့ဝင်ငွေများအားခန့်မှန်းနိုင်ခြင်းမရှိပါ။ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊အလုပ်အကိုင်အခွင့်အလမ်းများကိုပိုမိုအားပြုသောပညာရပ်များအားလာရောက်သင်ကြားပေးပါကတစ်ပိုင်တစ်နိုင်လုပ်ငန်းများပိုမိုဖွံ့ဖြိုးလာကာကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများပိုမိုလုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၉၃ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
| --- | --- | --- |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၆၃ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။မိမိတို့ကျေးရွာအတွင်းလယ်မြေဧက(၆၃)ဧကရှိပြီးလယ်သမားမိသားစုများနည်းပါးကာလယ်ယာပိုင်ဆိုင်သူများသာရှိပါသည်။ကျေးရွာရှိလယ်ယာမြေများပေါ်တွင်စပါး၊ငရုတ်၊ကွမ်းနှင့်မတ်ပဲသီးနှံများစိုက်ပျိုးကြပြီးမြေဆီလွှာအရည်အသွေးမှာသင့်တင့်ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
| --- | --- | --- | --- |
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☑ နည်း ☐မရှိ ☐ | လွယ် ☐ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| စိမ့်စမ်း) | | | အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။ လေ့လာတွေ့ရှိချက်။။မိမိတို့ကျေးရွာတွင်သဘာဝအရင်းအမြစ်များမှာသဲအသင့်အတင့်သာထွက်ရှိပါသည်။သဘာဝအပင်မျိုးစိတ်များဖြစ်သည့်ဘုန်းမသိမ်၊လောက်သေ၊ကုန်းဇေဒါ၊ကြိတ်မှန်ရွက်၊ကုလားပင်စိမ်းတို့အသင့်အတင့်ပေါက်ရောက်ပါသည်။ကောင်းမွန်သောတိရိစ္ဆာန်မွေးမြူရေးကျင့်စဥ်သင်တန်းများ၊မျိုးကောင်းမျိုးသန့်များရွေးချယ်ဝယ်ယူပြီးလုပ်ကိုင်ဆောင်ရွက်နိုင်ပါကအိမ်ထောင်စုဝင်များအနေဖြင့်မိသားစုဝင်ငွေတိုးပွားကာကျေးရွာအနေဖြင့်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂ | ၅၄ | ၁၇ | ၂၆ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။။။

မိမိတို့ကျေးရွာတွင်ဥစ္စာဓနအဆင့်အတန်းအခြေအနေမှာမြေယာပိုင်ဆိုင်မှုများမှာအနည်းဆုံး၃ဧကမှအများဆုံး၁၂ဧကအထိပိုင်ဆိုင်ကြပါသည်။ကျေးရွာတွင်တိုက်အိမ်၊သွပ်မိုးအိမ်၊ပျဉ်ထောင်အိမ်၊သွပ်မိုး/ပျဉ်ထောင်/ဝါးထရံကာ/ဝါးခနိ/ထရံကာတို့ပိုင်ဆိုင်ကြပါသည်။ကျေးရွာတွင်ကုန်ထုတ်စက်ယန္တရားများနှင့်ပတ်သတ်သောပိုင်ဆိုင်မှုများအနေဖြင့်လက်တွန်းထွန်စက်၊ရိတ်သိမ်းခြွေလှေ့စက်၊ရေစုပ်စက်များပိုင်ဆိုင်ကြောင်းလေ့လာတွေ့ရှိရပါသည်။အဓိကစီးပွားရေးလုပ်ငန်းမှာလယ်လုပ်ကွက်များ၊လယ်လုပ်ကွက်အသင့်အတင့်၊လယ်လုပ်ကွက်အနည်းနှင့်လယ်လုပ်ကွက်မရှိလုပ်အားသာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။အိမ်ထောင်စုများအနေဖြင့် (A)အဆင့်၊ (B)အဆင့်၊ (C)အဆင့်၊ (D)အဆင့်အဖြစ်သတ်မှတ်ကောက်ခံပြုစုဆောင်ရွက်ထားပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃ဝရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| | | | လုပ်အားခကြိုယူ = ___________ |
| ၃လနှင့်၆လကြား၀မ်းစာဖူလုံမှု | ၉၉ | ၁၆ | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ၂၉<br>ချေးယူ = ၄၀<br>လုပ်အားခကြိုယူ = ၃၀ |
| ၆လမှ၁၂လအထိ၀မ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ မိမိတို့ကျေးရွာတွင်၀မ်းစာဖူလုံမှုအခြေအနေမှာအိမ်ထောင်စု(၉၉)စုအနေဖြင့် ၀မ်းစာဖူလုံမှုအခြေအနေမှာ အခက်အခဲမရှိပါ။ ကျေးရွာတွင်အိမ်ထောင်စုများအနေဖြင့် မိုးတွင်းကာလတွင်သာ ၀မ်းစာဖူလုံမှုအားနည်းပြီးဆွေမျိုးသားချင်းများ၊ညီအကိုမောင်နှမများထံမှအထောက်အပံ့ယူခြင်း၊ပြင်ပချေးငွေများဖြင့်ဖြေရှင်းဆောင်ရွက်ခြင်း၊ပြင်ပမှအတိုးနည်းချေးငွေများဖြင့်ဖြေရှင်းဆောင်ရွက်ခြင်း၊လုပ်အားခများကြိုတင်ထုတ်ယူခြင်းနှင့်၀မ်းစာမဖူလုံသောအိမ်ထောင်စုအနည်းငယ်သာဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆နှစ်နှင့်အထက် | | ၃ | ၃ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | ၂၃ | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။။ မိမိတို့ကျေးရွာတွင်မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆နှစ်နှင့်အထက်မ (၃)ဦးရှိပြီးအခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု (၄၉)အိမ်ထောင်စုရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | √ | | | √ | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | √ | | | √ | |
| ၃ | မုန်တိုင်းဒီရေ | √ | | | √ | | |
| ၄ | ဆူနာမီ | √ | | | √ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | √ | | | √ | | |
| ၆ | လေဆင်နှာမောင်း | √ | | | √ | | |
| ၇ | ငလျင် | √ | | | √ | | |
| ၈ | အပူလှိုင်း | √ | | | √ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | √ | | | √ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၁၀ | အအေးလှိုင်း | √ | | | √ | | |
| ၁၁ | မိုးသီးကြွေကျမှု | √ | | | √ | | |
| ၁၂ | မိုးခေါင်ခြင်း | √ | | | √ | | |
| ၁၃ | တောမီးလောင်ခြင်း | √ | | | √ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | √ | | | √ | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | √ | | | √ | | |
| ၁၆ | မြေပြိုခြင်း | √ | | | √ | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
